မြန်မာတိုင်း(မ်)
THE MYANMAR TIMES
ကျပ် ၃၀၀
သင်ယနေ့ဖတ်ရမည့် အနာဂတ်သတင်းစာစောင် | www.mmtimes.com | အတွဲ ၂၉၊ အမှတ် ၅၆၇ (၄ - ၁၀၊ ၅၊ ၂၀၁၂)

FREE PRESS DAY

World Press Freedom Day - May 3, 2012

Silence Kills Democracy But a Free Press Talks

urÇwif;vGwfvyfa&;aeY

qdkvdkwfejcif;onf 'Drdkua&pDukdowfaponf

vwfvyfpGm xkwfazmfcifonf uÜrÇtodkif;t xm;qkH;pmtcifta&;rsm;wifwpfck ygtcifjzpfonf¤if;onfvlrIPbdu©
tajccHtkwfjrpfyifjzpf&m tjcm;vwfvyfcifrm;ukd ukdusmaxmuaemufcHxm;onfþ vwfvyfcifukd ifb&Hmwifvwfvyfaom
A[kqefaom trSefukd if;aomrD,monfr&Szpfvdkyfonf

ukvor*¾axax twif;a&;rSL;ylEIS
,ltufpukd uD uwf&ylwo0Pf vTSumuffkwfuf

ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းကိုယ်စား ဒုတိယဝန်ကြီးဦးစိုးဝင်း ပြောကြားသည့်မိန့်ခွန်း

tckvkdme,Zifvwfvyfcifae Ycrf tem;ukd;usif;jcif[mEdkifiHwmftpdk;taeeYD,mrm;&EdkifwWnfaqmuf&;rSy0ifaewhtcef;u@ukd todrSwfjcif; jzpfovkdEdkifiHom;rsm;&J ydkifcGifh;ukdzGJUpnf;ykHtajccHOya'y|mef;cufrsm;eYnDzmfaqmif&efqHk;jzwfxm;rIukdxyfHufaojyvkdfwmvnf;jzpfygw,f

ယနေ့အခမ်းအနားကို ကြွရောက်လာကြတဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ သံတမန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စာနယ်ဇင်းသမားများနဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့အခမ်းအနားဟာ ၁၉၉၂ ခုနှစ်မှာ ကုလသမဂ္ဂအဖွဲ့ကြီးက ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day) က သတ်မှတ်ခဲ့ပြီးတဲ့နောက် မြန်မာနိုင်ငံမှာ ပထမဆုံးစတင်ကျင်းပတဲ့ အခမ်းအနားဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီပေါ်ပေါက်လာတဲ့ အစိုးရသစ်လက်ထက်မှာ အခုလိုစာနယ်ဇင်းလွတ်လပ်ခွင့်နေ့အခမ်းအနားကို ကျင်းပခြင်းဟာ နိုင်ငံတော်အစိုးရအနေနဲ့ မီဒီယာများရဲ့ နိုင်ငံတည်ဆောက်ရေးမှာ ပါဝင်နေတဲ့ အခန်းကဏ္ဍကို အသိအမှတ်ပြုခြင်းဖြစ်သလို နိုင်ငံသားများရဲ့ ရပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဖော်ဆောင်ရန် ဆုံးဖြတ်ထားမှုကို ထပ်မံသက်သေပြလိုက်တာလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းကိုယ်တိုင် ဒီအခမ်းအနားကို တက်ရောက်မိန့်ခွန်းပြောကြားဖို့ ရည်ရွယ်ထားပေမယ့်လည်း အရေးကြီးတဲ့ ဝန်ကြီးအဖွဲ့အစည်းအဝေးကို တက်ရောက်ရန်ရှိတဲ့အတွက် တက်ရောက်နိုင်ခြင်းမရှိခဲ့ပါဘူး။ ပြည်ထောင်စုဝန်ကြီးက အဲဒီလိုမတက်ရောက်နိုင်တဲ့အတွက် ဝမ်းနည်းပါကြောင်းနဲ့ ယခုအခမ်းအနားကို တက်ရောက်လာသူများ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း အမှာစကားပါးလိုက်ပါတယ်။

ဧည့်သည်တော်များခင်ဗျား

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ စာနယ်ဇင်းလွတ်လပ်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ကျင့်သုံးနိုင်ဖို့ လိုအပ်တဲ့ ပုံနှိပ်မီဒီယာဆိုင်ရာ ဥပဒေကြမ်းတစ်ခုကို ပြင်ဆင်ရေးဆွဲလျက်ရှိပါတယ်။ အခုဆိုရင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အကြံပြုချက်များ၊ ယူနက်စကို အဖွဲ့မှ ပညာရှင်များရဲ့ အကြံပြုချက်များနဲ့ ပြီးခဲ့တဲ့ မတ်လအတွင်းကျင်းပခဲ့တဲ့ မီဒီယာကွန်ဖရင့်ကရရှိတဲ့ အကြံပြုချက်များအပေါ် မူတည်ပြီး ဒုတိယမူကြမ်းကို ဧပြီလ ၂၃ ရက်နေ့မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ထပ်မံတင်ပြထားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အကြံပြုချက်များရရှိပါက ထပ်မံပြင်ဆင်ပြီး လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆက်လက်ဆောင်ရွက်ကာ အနီးဆုံးပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို တင်ပြအတည်ပြုချက်ရယူသွားမှာဖြစ်ပါတယ်။ အဲဒီလိုပဲ ရုပ်သံလွှင့်မီဒီယာဥပဒေကြမ်းတစ်ခုကိုလည်း ရေးဆွဲနိုင်ဖို့အတွက် နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဧည့်သည်တော်များခင်ဗျား

နိုင်ငံတော်အစိုးရအနေနဲ့ စာနယ်ဇင်းလွတ်လပ်ခွင့်အတွက် ဆောင်ရွက်ရာမှာ လွတ်လပ်စွာ သတင်းရေးသားခွင့်သာမက စာနယ်ဇင်းသမားများအနေနဲ့ သတင်းအချက်အလက်များရယူရာမှာ အကူအညီပေးဖို့လည်း ရည်ရွယ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် အခုရေးဆွဲနေတဲ့ ပုံနှိပ်မီဒီယာဥပဒေမူကြမ်းမှာ သတင်းအချက်အလက်များရယူခွင့် (Access to Information) ကို အထောက်အကူဖြစ်စေမယ့် အချက်များ ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါတယ်။ ဒ့ါအပြင် စာနယ်ဇင်းသမားများရဲ့ လုပ်ငန်းဆောင်ရွက်မှု၊ ကျင့်ဝတ်နဲ့ အတတ်ပညာဖွံ့ဖြိုးတိုးတက်မှုများ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးများကို အထောက်အကူပြုနိုင်ဖို့အတွက် လွတ်လပ်တဲ့စာနယ်ဇင်းကောင်စီတစ်ခုဖွဲ့စည်းနိုင်ဖို့လိုအပ်တဲ့ အချက်များကိုလည်း ပုံနှိပ်မီဒီယာမူကြမ်းမှာ ထည့်သွင်းရေးဆွဲထားပြီးဖြစ်ပါတယ်။ တစ်ဖက်ကလည်း စာနယ်ဇင်းသမားများအနေနဲ့ မိမိတို့အကျိုးစီးပွားများကို စုစည်းအကောင် အထည်ဖော်နိုင်ဖို့အတွက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးကို ဒီမိုကရေစီစနစ်နဲ့ ကိုက်ညီတဲ့ လွတ်လပ်တဲ့ မြန်မာနိုင်ငံ သတင်းစာဆရာများအသင်းနဲ့ မြန်မာစာရေးဆရာအသင်းအဖြစ် ပြန်လည်ဖွဲ့စည်းနိုင်ဖို့အတွက် လိုအပ်တဲ့အကူအညီများ ပေးအပ်လျက်ရှိပါတယ်။

ဒ့ါပြင် Online Media များဟာလည်း စာနယ်ဇင်းများ၊ ရုပ်သံမီဒီယာများနည်းတူ သတင်းအချက်အလက်များ ဖြန့်ဝေရာနေရာများဖြစ်လာနေတဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ Online Media များကိုလည်း သမားရိုးကျမီဒီယာများ (Traditional Media) နည်းတူသတ်မှတ်ပြီး စာနယ်ဇင်းသမားများရဲ့ ရပိုင်ခွင့်များ ခံစားနိုင်ဖို့အတွက်လည်း စဉ်းစားဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါကြောင့် ပုံနှိပ်မီဒီယာဥပဒေမှာ သတင်းအေဂျင်စီထူထောင်ပြီး Online ကနေ သတင်းအချက်အလက်များ ဖြန့်ဝေလိုပါက စနစ်တကျ မှတ်ပုံတင်ပြီး ဆောင်ရွက်ခွင့်ရရှိစေရန်၊ Online Journalist များဟာလည်း ကျန်စာနယ်ဇင်းသမား များနဲ့ တန်းတူရပိုင်ခွင့်များ၊ အကာအကွယ်များ၊ ကျင့်ဝတ်များရရှိကျင့်သုံးနိုင်စေရန် စဉ်းစားဆောင်ရွက်ထားပါတယ်။ ဒါကြောင့် အနာဂတ်မှာ မြန်မာနိုင်ငံရဲ့ မီဒီယာလောက လွတ်လပ်မှုနဲ့ တာဝန်သိမှုကို ဟန်ချက်ညီညီ ကျင့်သုံးနိုင်တဲ့ စစ်မှန်တဲ့ စတုတ္ထမဏ္ဍိုင်အဖြစ် ပေါ်ပေါက်လာတော့မှာဖြစ်ပါတယ်။

ဧည့်သည်တော်များခင်ဗျား

ကျွန်တော်တို့အနေနဲ့ စာနယ်ဇင်းလွတ်လပ်ခွင့်ကို အလေးထားပြောကြားနေသလို တစ်ဘက်ကလည်း စာနယ်ဇင်းသမားများက ဖော်ပြနေတဲ့သတင်းအချက်အလက်များရဲ့ အရည်အသွေးမြင့်မားရေးကိုလည်း မျက်ခြည်မပြတ်ဖို့ လိုပါတယ်။ ဒီကနေ့အချိန်ကာလမှာ သတင်းအချက်အလက်များပြားခြင်းဟာလည်း ပြဿနာတစ်ခုဖြစ်လာနေတာကို တွေ့ရပါတယ်။ ဒါကြောင့် မြန်မာ့မီဒီယာလောကဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ သတင်းအချက်အလက်များရဲ့ အရည်အသွေးမြင့်မားရေးဟာလည်း ပိုပြီးအရေးကြီးလာပါတယ်။ အထူးသဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ နိုင်ငံတည်ဆောက်ရေး၊ တည်ဆောက်နေတဲ့အချိန်မျိုးမှာ စာနယ်ဇင်းများအနေနဲ့ နိုင်ငံ့ရေးရာများနဲ့ပတ်သက်ပြီး ဘက်မလိုက်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ တင်ပြနိုင်ဖို့ အရေးကိစ္စအားလုံးကို ဘက်စုံထောင့်စုံက သုံးသပ်တင်ပြဖို့ သတင်းအချက်အလက်များကို ထိန်ချန်ခြင်းမပြုဖို့ အလွန်အရေးကြီးပါတယ်။

ထို့အတူပဲ လွတ်လပ်မှုနဲ့ တာဝန်ယူမှု၊ လွတ်လပ်မှုနဲ့ ဆင်ခြင်တုံတရားတို့ကို အမြဲတမ်း ယှဉ်တွဲကျင့်သုံးသွားဖို့လည်း လိုပါတယ်။ ဒ့ါပြင် စာနယ်ဇင်းများအနေနဲ့ မတူကွဲပြားတဲ့အမြင်များ၊ သဘောထားများကို တင်ပြခွင့်ရှိသလို အမျိုးသားအကျိုးစီးပွားကိုအခြေခံတဲ့ ညီညွတ်မှုလည်း ရှိဖို့လိုအပ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ရည်ညွှန်းတဲ့ အမျိုးသားအကျိုးစီးပွားဆိုတာဟာ လက်ရှိအစိုးရကို အကာအကွယ်ပေးဖို့ဆိုလိုတာ မဟုတ်ပါဘူး။ ဒီကနေ့ မြန်မာနိုင်ငံအတွက် အရေးအကြီးဆုံးဖြစ်တဲ့၏ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်ပေါ်ပေါက်ရေး၊ ဒီမိုကရေစီကျင့်စဉ်များကို အနှစ်သာရရှိရှိ မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ရေး၊ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေးနဲ့တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်ဆောက်ရေးတွေဟာ ကျွန်တော်တို့ အားလုံးရပ်တည်ရမယ့်ဘုံရပ်တည်ချက်၊ တစ်နည်းအားဖြင့် အမျိုးသားအကျိုးစီးပွားပဲဖြစ်ပါတယ်။ ဒ့ါကြောင့် စာနယ်ဇင်းသမားများအနေနဲ့ ဒီအမျိုး သား အကျိုးစီးပွားအခြေခံပေါ် မှာ ရပ်တည်ပြီး စတုတ္ထမဏ္ဍိုင်အဖြစ် ရပ်တည်ဆောင်ရွက်သွားဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒါမှလည်း ပြည်သူလူထုသာမက အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူထုအခြေပြု အဖွဲ့အစည်းများအနေနဲ့ မှန်ကန်တဲ့ ဆုံးဖြတ်ချက်များ၊ ရွေးချယ်မှုများပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် စာနယ်ဇင်းသမားများရဲ့ အရည်အသွေး မြင့်မားရေးဟာလည်း စာနယ်ဇင်းလွတ်လပ်ခွင့်နည်းတူ အလေးထားဆောင်ရွက်ရမယ့် လုပ်ငန်းအဖြစ် သဘောထားဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။ ဒီလုပ်ငန်းနဲ့ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့လည်း ပြည်တွင်းရှိ စာနယ်ဇင်းအဖွဲ့အစည်းများအပြင် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနဲ့ စတင်ပူးပေါင်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ အထူးသဖြင့် အနာဂတ်မှာ ပေါ်ပေါက်လာမယ့် စာနယ်ဇင်းကောင်စီဟာ စာနယ်ဇင်းသမားများရဲ့ ကျင့်ဝတ်နဲ့ အတတ်ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အဲဒီလိုလုပ်ဆောင်နိုင်ဖို့အတွက်လည်း နိုင်ငံတကာ စာနယ်ဇင်းကောင်စီများရဲ့ လုပ်ငန်းဆောင်ရွက်ပုံများကို သွားရောက်လေ့လာနိုင်ဖို့အတွက် အစီအစဉ်များလည်း ပြုလုပ်နေပြီဖြစ်ပါတယ်။

ဧည့်သည်တော်များခင်ဗျား

နောက်ထပ်အရေးကြီးတဲ့ လုပ်ငန်းစဉ်တစ်ရပ်ကတော့ ကျေးလက်ပြည်သူများရဲ့ အသိပညာဗဟုသုတမြင့်မားရေးပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်ဒေသမှာ နေထိုင်ကြတာဖြစ်ပါတယ်။ ဒါကြောင့် ကျေးလက်ပြည်သူများရဲ့ အသိပညာဗဟုသုတကြွယ်ဝရေးဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန် အရေးကြီးပါတယ်။ ကျေးလက်ပြည်သူများ အသိပညာ ဗဟုသုတကြွယ်ဝဖို့အတွက်ဆိုရင် ၎င်းတို့အနေနဲ့ သတင်းအချက် အလက်များ အလွယ်တကူရရှိနိုင်ရေးကလည်း အရေးကြီးပါတယ်။ စာနယ်ဇင်းလွတ်လပ်ခွင့်ရရှိဖို့ လိုသလို ပြည်သူတစ်ဦးချင်း အနေနဲ့ သတင်းအချက်အလက်များကို မတူကွဲပြားတဲ့ သတင်းအရင်းအမြစ်များကနေ သတင်းများရရှိနိုင်ခွင့်ဟာလည်း အရေးကြီးတဲ့ အခြေခံလူ့အခွင့်အရေးဖြစ်တယ်ဆိုတာ ကျွန်တော်တို့အားလုံး အသိအမှတ်ပြုဖို့ လိုအပ်ပါတယ်။

ဖွံ့ဖြိုးပြီးနိုင်ငံများမှာတော့ အင်တာနက်ဆက်သွယ်မှုကို သတင်းအချက်အလက်ဖြန့်ဝေဖို့အတွက် အဓိက နည်းလမ်းအဖြစ် အသုံးပြုလျက်ရှိပါတယ်။ ဒါပေမယ့် ဖွံ့ဖြိုးဆဲနိုင်ငံများမှာတော့ ကျေးလက်ဒေသများအထိ အင်တာနက်ရောက်ရှိမှုဟာ နိမ့်ကျနေဆဲ ဖြစ်ပါတယ်။ International Telecommunication Union ရဲ့ လေ့လာချက်အရ ကမ္ဘာ့လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်းဟာ ကွန်ပျူတာပိုင်ဆိုင်မှုမရှိသေးကြောင်း၊ ၃၅ ရာခိုင်နှုန်းကသာ အင်တာနက်ကို အသုံးပြုနိုင်သေးကြောင်း သိရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာလည်း ကျေးလက်ပြည်သူများထံ သတင်းအချက်အလက်များ ဖြန့်ဖြူးရာမှာ ရုပ်သံလွှင့်မီဒီယာနဲ့ ပုံနှိပ်မီဒီယာများကိုပဲ အဓိကထားအသုံးချရဦးမှာဖြစ်ပါတယ်။ ဒါကြောင့် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ၂၀၀၄ ခုနှစ်က စတင်ပြီး ကျေးရွာတိုင်းမှာ စာကြည့်တိုက်များဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ခဲ့ရာမှာ ယနေ့အထိ ကျေးရွာပေါင်းသုံးသောင်းကျော်မှာ စံငါးရပ်နဲ့ ကိုက်ညီတဲ့ အခိုင်အမာစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒီစာကြည့်တိုက်များဟာ ကျေးလက်ပြည်သူများအတွက် လိုအပ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။ အဲဒီလို ကျေးလက်ပြည်သူများအတွက် သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးနိုင် ခြင်းဖြင့် ကျေးလက်ပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရေးစီမံချက်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ထဲမှာ ထည့်သွင်းဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့အနေနဲ့ စာကြည့်တိုက်များကို အနာဂတ်မှာ Community Center များအဖြစ် အသုံးချနိုင်အောင်၊ စာကြည့်တိုက်များကတစ်ဆင့် ကျောင်းပြင်ပပညာရေး (Non Formal Education) များ သင်ကြားနိုင်အောင်အထိ ရည်ရွယ်လုပ်ဆောင်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာလည်း အစိုးရတစ်ခုတည်းကမဟုတ်ဘဲ စေတနာရှင် ပြည်သူများ၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းအပါအဝင် ပြည်တွင်း၊ ပြည်ပက အစိုးရမဟုတ်သော အဖွဲ့အစည်းများအားလုံးနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။

ဧည့်သည်တော်များခင်ဗျား

နှစ်စဉ်နှစ်တိုင်း မေလ ၃ ရက်နေ့မှာ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားကျင်းပခြင်းဟာ ကျွန်တော်တို့ အားလုံး စာနယ်ဇင်းလွတ်လပ်ခွင့်ရဲ့ အရေးပါမှုနဲ့ စာနယ်ဇင်းသမားများကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်ချက်ကို အမှတ်ရစေဖို့ပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း နိုင်ငံတော်သမ္မတကိုယ်တိုင်က ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာမှာ စာနယ်ဇင်းများက စစ်မှန်တဲ့ စတုတ္ထမဏ္ဍိုင်အဖြစ်ပါဝင်ရန် အရေးကြီးကြောင်းကို အကြိမ်များစွာ အသိအမှတ်ပြုပြောကြားခဲ့ပြီးဖြစ်ပါတယ်။

ဒါပေမယ့် စာနယ်ဇင်းများရဲ့လွတ်လပ်မှုက အရေးကြီးသလို တစ်ဖက်ကလည်း စာနယ်ဇင်းလွတ်လပ်ခွင့်တစ်ခုတည်းနဲ့ မပြည့်စုံသေးဘဲ လွတ်လပ်ခွင့်များနဲ့အတူယှဉ်တွဲကျင့်သုံးရမယ့် ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးများ၊ စာနယ်ဇင်းလွတ်လပ်ခွင့်ကို မှန်မှန်ကန်ကန်ကျင့်သုံးနိုင်ဖို့ လိုအပ်တဲ့ ဥပဒေကြောင်းဆိုင်ရာ ပတ်ဝန်းကျင်များရှိလာအောင် ဖြည့်ဆည်းပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း အခုအချိန်မှာ အဲဒီအခြေအနေများ အားလုံးပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ပြန်ကြားရေးဝန်ကြီးဌာနက ပြင်ဆင်ရေးဆွဲနေတဲ့ မီဒီယာဥပဒေများဟာ ဝင်းဟုတ်ခ်ကြေညာချက်၊ ယူနက်စကိုအဖွဲ့ကြီးရဲ့ မီဒီယာဖွံ့ဖြိုးမှုဆိုင်ရာ အညွှန်းကိန်းများအပါအဝင် နိုင်ငံတကာအခြေခံမူများကို အခြေခံပြီး မိမိနိုင်ငံရဲ့ ပကတိအရှိတရားနဲ့ ကိုက်ညီအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါပေမယ့် ဒီတာဝန်များကို အစိုးရတစ်ဖွဲ့တည်းက လုပ်ဆောင်လို့မရနိုင်ပါဘူး။ စာနယ်ဇင်းသမားများကိုယ်တိုင်က ပါဝင်ဆောင်ရွက်ဖို့လိုသလို ကျွန်တော်တို့နိုင်ငံမှာ လိုအပ်နေတဲ့ နည်းပညာဆိုင်ရာ၊ အတတ်ပညာဆိုင်ရာ အကူအညီများကိုလည်း နိုင်ငံတကာက ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ယနေ့ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အခမ်းအနားမှာ ပြည်တွင်းစာနယ်ဇင်းသမားများနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာနိုင်ငံရဲ့ မီဒီယာဖွံ့ဖြိုးတိုးတက်မှု၊ ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုပြီး အနာဂတ်ကာလမှာ မြန်မာ့မီဒီယာလောက ယခုထက် ပိုမိုတိုးတက်ကောင်းမွန်အောင် နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ကြပါလို့ ဖိတ်ခေါ်ရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

P
R
E
S
S

ကမ္ဘာ့သတင်းစာလွတ်လပ်ခွင့်နေ့အခါသမယ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့်ယူနက်စကို ညွှန်ကြားရေးမှူးချုပ် မစ္စအိုင်ရီနာဘိုကိုဗာတို့၏ပူးတွဲသဝဏ်လွှာ

လွတ်လပ်စွာ ထုတ်ဖော်ခွင့်သည် ကျွန်ုပ်တို့ မြတ်နိုးတန်ဖိုးအထားဆုံး အခွင့်အရေးများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ၎င်းသည် လူ့ဂုဏ်သိက္ခာ၏ အခြေခံအုတ်မြစ်ပင်ဖြစ်ရာ အခြားလွတ်လပ်ခွင့်များကို ကျောထောက်နောက်ခံပြုထားသည်။ ဤလွတ်လပ်ခွင့်ကို ကျင့်သုံးရာတွင် လွတ်လပ်သော၊ ဗဟုဆန်သော၊ အမှီခိုကင်းသော မီဒီယာသည် မရှိမဖြစ် လိုအပ်ပါသည်။

ဤစာတမ်းသည် ကမ္ဘာ့သတင်းစာလွတ်လပ်ခွင့်နေ့အတွက် သဝဏ်လွှာဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းအပိုဒ်ခွဲ ၁၉ တွင် ဖော်ပြပါရှိသည့်အတိုင်း မီဒီယာလွတ်လပ်ခွင့်တွင် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် အတွေးအမြင်အယူအဆနှင့် သတင်းများကို မည်သည့်မီဒီယာဖြင့်ဖြစ်စေ၊ နယ်စည်းမခြား လွတ်လပ်စွာ ရှာဖွေခွင့်၊ လက်ခံခွင့်နှင့် မျှဝေခွင့်များ ပါဝင်ပေသည်။ ဤလွတ်လပ်ခွင့်သည် ကျန်းမာသန်စွမ်း၍ တက်ကြွအားမာန်ရှိသော လူ့အဖွဲ့အစည်းတွင် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်သည်။

လွတ်လပ်မှုအား တောင့်တသော အာသာဆန္ဒကို မီဒီယာအဟောင်း၊ အသစ်များနှင့် ပေါင်းစပ်လိုက်သောအခါ တန်ခိုးအင်အားကြီးမားလာပုံကို အာရပ်ကမ္ဘာ၏ အပြောင်းအလဲများက ပြသခဲ့ပြီ။ အသစ်ပေါ်ပေါက်လာသော မီဒီယာလွတ်လပ်ခွင့်သည် ပိုမို၍ ထင်သာမြင်သာရှိမှု၊ တာဝန်ယူမှုတို့ဖြင့် လူ့အဖွဲ့အစည်းကို ပြောင်းလဲပေးရန် အာမခံလျက်ရှိသည်။ ၎င်းက အသိပညာနှင့် သတင်းများကို ဆက်သွယ်မျှဝေရန် နည်းလမ်းသစ်များကို ဖွင့်လှစ်ပေးသည်။ ယခင်က ရေငုံနှုတ်ပိတ်နေခဲ့ကြသောသူများ အထူးသဖြင့် လူငယ်များထံမှ အင်အားကြီးမားသော 'အသံသစ်'များ ထွက်ပေါ်လာနေသည်။ ထို့ကြောင့်ပင် လျှင် ယခုနှစ် 'ကမ္ဘာ့သတင်းစာလွတ်လပ်ခွင့်နေ့'ကို 'အသံသစ်'များ၏ အနှစ်သာရအပေါ်တွင် ဗဟိုပြုထားသည်။

"လူ့အဖွဲ့အစည်းကိုပြောင်းလဲရာတွင် အထောက်အကူပြုမည့် မီဒီယာလွတ်လပ်ခွင့်"

ကမ္ဘာတစ်လွှား မီဒီယာလွတ်လပ်ခွင့်ကို အပြင်းအထန် ဖိနှိပ်ခံနေရသည်။ မနှစ်က သူတို့အလုပ်သူတို့လုပ်သည့်အတွက် သတင်းသမား ၆၂ ဦး အသတ်ခံခဲ့ရခြင်းကို ယူနက်စကိုက ရှုတ်ချလိုက်သည်။ အသတ်ခံရသော သတင်းသမားများကို မမေ့ရှုံသာမက ထိုရာဇဝတ်မှုများအတွက် ထိုက်သင့်သလို အရေးယူအပြစ်ပေးရမည်ဖြစ်သည်။ ယခုအခါ မီဒီယာသည် အွန်လိုင်းလှုပ်ရှားမှု ပိုမိုများပြားလာရာ ဘလော့ဂါများအပါအဝင် အွန်လိုင်းသတင်းသမားများမှာ သူတို့အလုပ်ကြောင့် တားဆီးနှောင့်ယှက်ခြင်း၊ တိုက်ခိုက်ခြင်း၊ သတ်ဖြတ်ခြင်းခံနေကြရသည်။ သို့ဖြစ်ရာ သူတို့ကိုလည်း အစဉ်အလာမီဒီယာလုပ်သားများကဲ့သို့ပင် အကာအကွယ်ပေးကြရမည်ဖြစ်သည်။

သတင်းသမားများ လုံခြုံရေးနှင့် ပြစ်ဒဏ်မှကင်းလွတ်ခွင့် ပြဿနာဆိုင်ရာ သတင်းအေဂျင်စီများ၏ ပထမဆုံးအစည်းအဝေးကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်-၁၄ ရက်နေ့က ကုလသမဂ္ဂ ယူနက်စကိုတွင် ကျင်းပခဲ့သည်။ ကမ္ဘာတစ်လွှား သတင်းသမားနှင့် မီဒီယာ လုပ်သားများအတွက် ပိုမိုလွတ်လပ်၍ လုံခြုံသော ပတ်ဝန်းကျင် ဖန်တီးပေးရေး ကုလသမဂ္ဂလုပ်ငန်း စီမံချက်ကို ရေးဆွဲနိုင်ခဲ့ကြသည်။ တစ်ချိန်တည်းမှာပင်လွတ်လပ်၍ အများပါဝင်သော အမှီခိုကင်းသည့် မီဒီယာအတွက် ဥပဒေအခြေခံများကို ပိုမိုခိုင်မာအောင် လုပ်ဆောင်ရမည်။ အထူးသဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်နေသော နိုင်ငံများ၊ သို့မဟုတ် ပဋိပက္ခအပြီး ပြန်လည်တည်ဆောက်နေသော နိုင်ငံများတွင် ပို၍လိုအပ်သည်။ သတင်းဝန်ပိနေသော ယနေ့ခေတ်တွင် လူငယ်လူရွယ်များအား ပိုင်ခြားဝေဖန်တတ်မှုနှင့် ပိုမိုကျယ်ပြန့်သော မီဒီယာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်ပျိုးထောင်ပေးရမည်။

ကမ္ဘာ့သတင်းစာ လွတ်လပ်ခွင့်နေ့သည် မီဒီယာလွတ်လပ်ခွင့် တိုးတက်စေရေး တိုက်ပွဲအလံလွှင့်ထူရန် အခွင့်ကောင်း၊ အခါကောင်းပင် ဖြစ်သည်။ နိုင်ငံတကာလက်ခံထားသော မူဝါဒများနှင့်အညီ အွန်လိုင်းနှင့်အွန်လိုင်းမဟုတ်သော လွတ်လပ်စွာဖော်ထုတ်ခွင့်ကို မြှင့်တင်ရန် ကမ္ဘာအနှံ့ရှိနိုင်ငံ့အစိုးရများ၊ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေသော မီဒီယာများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ကုလသမဂ္ဂနှင့်အတူ လက်တွဲလုပ်ဆောင်ကြပါရန် ကျွန်ုပ်တို့ တိုက်တွန်းအပ်ပါသည်။

သတင်းစာလွတ်လပ်ခွင့်သည် လူတစ်ဦးစီ၏ အခွင့်အရေး၊ ကျန်းမာသန်စွမ်းသော လူ့အဖွဲ့အစည်း၏ အခြေခံအုတ်မြစ်နှင့် လူမှုပြုပြင်ပြောင်းလဲရေး အင်အားစု၏ ဒေါက်တိုင်ကြီးတစ်ခုသဖွယ် ဖြစ်လေသည်။

ကိုကို ဘာသာပြန်သည်။

ကမ္ဘာတစ်လွှား မီဒီယာလွတ်လပ်ခွင့်ကို အပြင်းအထန် ဖိနှိပ်ခံနေရသည်။ မနှစ်က သူတို့အလုပ်သူတို့လုပ်သည့်အတွက် သတင်းသမား ၆၂ ဦး အသတ်ခံခဲ့ရခြင်းကို ယူနက်စကိုက ရှုတ်ချလိုက်သည်။

“သတင်းသမားတွေအနေနဲ့ အမှန်တရားချည်းရေးနေရုံနဲ့ မပြီးဘူး။ အမှားတရားတွေကို ထုတ်ဖော်တူးဆွပြီး ရေးသင့်တယ်”

-ဟံသာဝတီဦးဝင်းတင်

အိအိတိုးလွင်

ဟံသာဝတီဦးဝင်းတင်သည် ၁၉၄၉ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ နှစ်ပေါင်း ၄၀ ခန့် သတင်းစာလောကတွင် သတင်းစာဆရာအဖြစ် ရပ်တည်ခဲ့သည်။ နောက်ပိုင်းတွင် နိုင်ငံရေးလောကသို့ဝင်ရောက်ခဲ့ပြီး လက်ရှိအချိန်အထိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် သဘာပတိအဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

✱ နိုင်ငံတစ်နိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးမှာ မီဒီယာလွတ်လပ်ခွင့် အခန်းကဏ္ဍဟာ ဘယ်လောက်အထိအရေးပါပါသလဲ။

အမှန်အတိုင်းပြောရရင် ဒီမိုကရေစီဆိုတာကိုက လွတ်လပ်ခွင့်ပဲ။ လွတ်လပ်ခွင့်သည်ပင်လျှင် ဒီမိုကရေစီအရင်းခံပဲ။ ဒါကြောင့် လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီဆိုတာ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီလို ဖြစ်နေတာပဲ။

ဒီမိုကရေစီထူထောင်တဲ့အခါ လွတ်လပ်စွာ အသက်မွေးခွင့်၊ ယူဆခွင့်၊ ခံစားချက်တွေ၊ နစ်နာချက်တွေကို တင်ပြတောင်းဆိုခွင့် စတဲ့ များစွာသော အခြေခံလွတ်လပ်ခွင့်တွေရှိတယ်။ ဒီမိုကရေစီ ထွန်းကားတဲ့ လူ့ဘောင်အဖွဲ့အစည်းဖြစ်ပေါ်ဖို့ လွတ်လပ်ခွင့်ဆိုတာ အလွန်အရေးကြီးပါတယ်။ ဒီလွတ်လပ်ခွင့်တွေထဲမှာ စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုတာ အလွန်အရေးကြီးတဲ့ အစိတ်အပိုင်းဖြစ်ပါတယ်။ လွတ်လပ်စွာပြောဆိုရေးသားခွင့် ရှိမှသာလျှင် စစ်မှန်တဲ့ လွတ်လပ်ခွင့်ရှိတယ်လို့ ပြောချင်ပါတယ်။ ဒီမိုကရေစီနိုင်ငံလို့ပြောပြီး ဒီအခြေခံလွတ်လပ်ခွင့်တောင် မရှိဘူးဆိုရင် ဒီမိုကရေစီဆိုတာ မရှိနိုင်ပါဘူး။

✱ အစိုးရသစ်တက်လာပြီးနောက်ပိုင်း မီဒီယာကဏ္ဍမှာ ပြောင်းလဲတိုးတက်မှုတွေ ရှိလာတယ်လို့ မြင်ပါသလား။

ပုဂ္ဂိုလ်ရေးအခြေခံပြောရင် လွတ်လပ်မှုတိုးလာတယ်လို့ ပြောချင်တယ်။ ဒါကိုလည်း ဝန်ခံရမယ်။ အရင်တုန်းက ကျွန်တော့နာမည်ကို သတင်းစာထဲမှာ ထည့်ခွင့်မရှိဘူး။ ဘယ်လောက်ဆိုးလဲဆိုရင် သတင်း၊ ဆောင်းပါးတွေမှာ တောင် ကလောင်နံမည် သုံးခွင့်မရှိဘူး။ ဆွေမျိုးသားချင်း ကွယ်လွန်ရင်တောင် ဆွေမျိုးစပ်မှု ဖော်ပြခွင့်မရှိဘူး။ အဲဒီကနေ အခုအင်တာဗျူးလုပ်ခွင့်၊ စာရေးခွင့်တွေ ပြန်ရလာတယ်။ အရင်က ဘာသာပြန်ခဲ့တဲ့ ‘ကွဲ’ဝတ္ထုဆိုရင် လျှပ်တစ်ပြက်မှာ ပြန်ဖော်ပြခွင့်ရတယ်။ ဒါပုဂ္ဂိုလ်ရေးအခြေခံပြီး ပြောတာ။

မြင်တွေ့နေရတဲ့ သတင်းတွေပေါ်မှာ ပြောရရင်တော့ လွတ်လပ်မှုတော့ရှိတယ်။ သို့သော် လုံလောက်တဲ့ လွတ်လပ်မှု ဟုတ်မဟုတ်ဆိုတာကတော့ လက်တွေ့လုပ်နေတဲ့ စာနယ်ဇင်းသမားတွေ ပိုသိပါလိမ့်မယ်။ မြင်သလောက်ပြောရရင်တော့ ရှိသင့်သလောက် ရှိလာတယ်လို့ မြင်တယ်။

တစ်ဖက်မှာလည်း အီလက်ထရောနစ်ဥပဒေဆိုတာ သတင်းစာဆရာကို အချိန်မရွေး ဖမ်းယူထောင်ချနိုင်တယ်။ ပြစ်ဒဏ်က တော်တော်များများ ချနိုင်တယ်။ ဒီလိုရှိနေတာကိုက စာနယ်ဇင်းလွတ်လပ်ခွင့်ကို အနှောင့်အယှက်အဟန့်အတားဖြစ်စေတယ်။

✱ အခုနောက်ပိုင်း သတင်းဆရာတွေ၊ ဂျာနယ်တိုက်တွေကို အစိုးရဝန်ကြီးဌာန အပါအဝင် ပုဂ္ဂလိကကုမ္ပဏီတွေက တရားစွဲဆိုတာတွေ ဖြစ်လာတာကို တွေ့ရတယ်။ အခုလိုဖြစ်ရတဲ့ ပြဿနာတွေရဲ့ အားနည်းချက်က ဘာကြောင့်လဲ။ ဒီလိုမဖြစ်အောင် သတင်းသမားတွေအနေနဲ့ ဘာတွေ ပြင်ဆင်ထားသင့်လဲ။

တရားဥပဒေအရ တရားစွဲတာကတော့ ကြုံရမှာပဲ။ ဒီမိုကရေစီနိုင်ငံတွေမှာလည်း ရေးတဲ့သူကရေး။ ခံရတဲ့သူကလည်း တရားဥပဒေအရ တရားစွဲတယ်။ နှစ်ဖက်ပဲ။ ရေးတဲ့သူက လွတ်လပ်စွာရေးဖို့ပဲ လိုတယ်။ ဒါပေမယ့် ဥပဒေဘောင်ထဲကရေးဖို့ပဲ လိုတယ်။ သတင်းသမားတွေအနေနဲ့ ဥပဒေတွေ၊ စည်းကမ်းချက်တွေကို လေ့လာနေရမယ်။ ရေးတဲ့အခါ ဘယ်လိုအရေးအသားတွေက ညီစွန်းနိုင်လဲ ဘယ်လိုဥပဒေတွေ ချထားလဲ။ သူများမထိခိုက်အောင်၊ အသရေဖျက်မှု မဖြစ်အောင်စတဲ့ ကန့်သတ်ချက်တွေလေ့လာထားဖို့လိုတယ်။

နောက်တစ်ပိုင်းက သတင်းရေးသားတဲ့သူတွေကလည်း ဒီတရားစွဲဆိုမှုတွေဟာ သိပ်ကြောက်စရာ ကောင်းတာ မဟုတ်ဘူးလို့ ပြောချင်တယ်။

သတင်းသမားတွေအနေနဲ့ ဒီလို အဟန့်အတား၊ ခြိမ်းခြောက်မှုတွေ ပေါ်လာတာ ဘာမှတွန့်ဆုတ်မှု မရှိသင့်ဘူး။ ဘာကြောင့်လဲဆိုတော့ လွတ်လပ်စွာ ရေးသားခွင့် အတိုင်းအတာတစ်ခုအထိ ရလာတာကိုက သတင်းစာဆရာ တစ်ယောက်အတွက်၊ စာနယ်ဇင်းလောကအတွက် အလွန်ကြီးမားတဲ့ ဆုလာဘ်ကြီးပါပဲ။ ဒီဆုလာဘ်ကို မဆုံးရှုံးရအောင် သတင်းသမားတွေက ပိုရေးဖို့ ပိုပိုရေးဖို့ပဲ ဖြစ်တယ်လို့ ယူဆတယ်။ တရားဥပဒေမရှိဘဲ သတင်းထောက်တွေကို ညဉ်းပန်းတာ၊ နှိပ်စက်ထောင်ချတာထက်စာရင် တရားဥပဒေအရ ရင်ဆိုင်ရတာ အများကြီးသက်သာတယ်လို့ ယူဆတယ်။

✱ အခုပြောနေကြတဲ့ မီဒီယာဥပဒေပေါ်ထွက်လာရေးဆိုတဲ့ ကိစ္စအပေါ်မှာကော ဘယ်လိုမြင်ပါသလဲ။

မီဒီယာဥပဒေမှာ ဘာပါမလဲဆိုတာ မသိတော့ ကောင်းကောင်း မပြောနိုင်ဘူး။ ရတဲ့အခွင့်အရေးက နည်းနည်းလေးကိုယ်ဆုံးရှုံးမယ်၊ ကိုယ့်ကိုခြိမ်းခြောက်မယ့် ဥပဒေဆိုးတွေရှိနေမယ်ဆိုရင်လည်း မျှတတဲ့အနေအထားရှိတယ်လို့ မပြောနိုင်ဘူး။ ပြောနိုင်တာ ဥပဒေရှိတာဟာ မရှိဘဲလုပ်နေတာထက်စာရင်တော့ ပိုကောင်းတယ်လို့ ယူဆတယ်။ ကျွန်တော်တို့ သတင်းစာဆရာဘဝတုန်းကဆို ဖြုတ်ချင်ဖြုတ်တယ်။ ဖမ်းချင်ဖမ်းသွားတာပဲ။ လုပ်သမျှခံခဲ့ရတယ်။

✱ မြန်မာနိုင်ငံမှာ ပြည့်ဝတဲ့ သတင်းစာလွတ်လပ်ခွင့် ဘယ်တော့လောက်ရရှိနိုင်မယ်လို့ မျှော်လင့်ပါလဲ။

အခုလိုပွင့်လင်း ပြောင်းလဲလာတဲ့ ခေတ်မှာ ဒီမိုကရေစီရေးလုပ်ကိုင်နေတဲ့ သူတွေ၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နေတဲ့သူတွေ၊ နိုင်ငံရေးအင်အားစုတွေ၊ ပါတီတွေ အများကြီးရှိပါတယ်။ အဲဒီလိုလူတွေ၊ နိုင်ငံရေးအင်အားစုတွေ အာဏာရလာတဲ့အခါ နိုင်ငံရေးခေတ်ပြောင်း ပေါ်ပေါက်လာမှာပဲ။ အဲဒီလို နိုင်ငံရေးခေတ်ပြောင်းကြီး ဖြစ်လာပြီဆိုရင်တော့ မီဒီယာလွတ်လပ်ခွင့်ဆိုတာ ပိုပြီးရရှိလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ■

မစ္စတာတိုဘီမန်ဒဲလ်

ၑင်းသည် ဒီမိုကရေစီ၏ အခြေခံရပိုင်ခွင့်များနှင့် လွတ်လပ်စွာဖော်ပြခွင့်အရေးအား လှုပ်ရှားသည့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သော Centre for Law and Democracy ၏ လက်ရှိအမှုဆောင်ညွှန်ကြားရေးမှူးဖြစ်ကာ လွတ်လပ်စွာဖော်ပြခွင့်နှင့် သတင်းအချက်အလက်များ လွတ်လပ်စွာရရှိရေးအတွက် ရပ်တည်သည့် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းဖြစ်သော ARTICLE 19 တွင်လည်း အကြီးတန်းညွှန်ကြားရေးမှူးအဖြစ် ၁၂ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဧပြီလ ၂၅ ရက်နေ့က ရန်ကုန်တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် International Media Support တို့ ပူးပေါင်းပြုလုပ်သည့် "Press Regulatory Mechanisms (Press Councils)" အလုပ်ရုံဆွေးနွေးပွဲတွင်လည်း အဓိကပြောဆိုသူအဖြစ် ပါဝင်ခဲ့ရာ ယခု မေလ ၃ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့- World Press Freedom Day အတွက် မြန်မာတိုင်း(မ်)မှ ၎င်း၏ မြန်မာနိုင်ငံသတင်းမီဒီယာလောကအပေါ် သုံးသပ်ချက်နှင့် ထင်မြင်ချက်များအား အီးမေး(လ်)မှတစ်ဆင့် မေးမြန်းခဲ့သည်။

“သတင်းလွတ…
ဒီမိုကရေ…
အောက်…

✱ ဒီမိုကရေစီကို ကူးပြောင်းတဲ့ကာလမှာ သတ…
အရေးပါသလဲ။

ဒီအဆင့်မှာ တခြားဘယ်လွတ်လပ်ခွင့်မှ ဒ…
အလက်ဆိုတာ ဒီမိုကရေစီရဲ့ အောက်ဆီဂျင်ဖြစ်…
ဆိုတာ သတင်းလွတ်လပ်ခွင့်က အဓိကကျပါဝ…
ရှင်းရှင်းလေးပါပဲ။ လွတ်လပ်တဲ့သတင်းမီဒီ…
ရရှိနိုင်တဲ့ အခွင့်အလမ်းမရှိဘူးဆိုရင် ဒီမိုကရေ…

✱ မြန်မာနိုင်ငံမှ သတင်းစာလွတ်လပ်ခွင့်ဘယ…

အရမ်းကိုဖြေဖို့ ခက်ပါတယ်။လက်ရှိ အစိုးရ…
မြန်မြန်သွားချင်တယ်ဆိုတဲ့အပေါ် မှာမူတည်နေ…
အနေနဲ့ တော်တော်လေးကို ရှုန်းကန်ဖြတ်သန်း…

✱ အစိုးရသစ် တက်လာပြီးတဲ့နောက် မြန်မာနိုင…
လာတယ်လို့ ထင်သလဲ။

ကျွန်တော်အနေနဲ့ အဲဒီကိုရောက်တဲ့ အချိန်မှ…
ဒါပေမယ့် ယေဘုယျပြောရရင်ရင်တော့ အရင်က…
တခြားအင်အားကြီးတဲ့သူတွေကို စောင့်ကြည့်…
ပြောင်းသင့်နေပြီ။ အဲဒီအတွက် မီဒီယာတွေရဲ့အ…
ဘာတွေဖြစ်နေတယ်ဆိုတာကို တင်ပြပြီး ပြည်…

✱ သတင်းလွတ်လပ်ခွင့်ဆိုတဲ့အဆင့်ကို သွားနိ…
အချက်က ဘာဖြစ်မလဲ။

ဥပဒေကြောင်းအရ ကန့်သတ်ချက်တွေက …
မီဒီယာတွေအနေနဲ့လည်း ပြည်သူတွေကိုကို…
အရမ်းခက်ဦးမယ်လို့ ကျွန်တော်ထင်တယ်။ အဲဒီ…
ပြောခဲ့တဲ့အကြောင်းအရာတွေကို ပြောင်းလဲဖို့…
ခက်ခဲတာတွေချည်းပဲ။

✱ ဧပြီလ ၂၅ ရက်နေ့မှာ ကျင်းပသွားတဲ့ အလု…
ရေးကတာဝန်ရှိသူတွေ တခြားမြန်မာနိုင်ငံခ…
သူတို့ရဲ့ သဘောထားတွေကို ဘယ်လို …

တာဝန်ရှိသူတွေနှင့် စာပေစိစစ်ရေးရဲ့ အပြုသ…
ကို သဘောကျမိပါတယ်။ ဒါပေမယ့် ကျွန်တော်မ…
တယ်။ သူတို့တွေထဲမှာ အပြုသဘောမဆန်တဲ့…
အစိုးရတွင်းက ပြုပြင်ပြောင်းလဲရေးကို လိုလာ…
ဆိုတာဆုံးဖြတ်ဖို့ ခက်ခဲနေဦးမယ်ထင်တယ်။ …

ဆိတ်ဆိတ်နေခြင်းသည် ဒီမိုက…

, aeYsa&mufonfurQowif;vwfvyfcGifhaeYonfurf;awmfvdk
owif;pmq&mrsm; twuftcrf;tem;uif;y&efaeY
EdkifhiHowif;pmq&m tefmbvf[meefuZfubo

စာရေးသူ Erik Bjerager သည် ဒိန်းမတ်လူမျိုး အယ်ဒီတာတစ်ဦးဖြစ်ပြီး ကမ္ဘာ့အယ်ဒီတာများဖိုရမ်၏ ဥက္ကဋ္ဌလည်းဖြစ်သည်။ ၎င်းကို ၁၉၅၈ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ဒိန်းမတ်သတင်းစာ Kristeligt Dagblad ၏ အယ်ဒီတာချုပ်နှင့် အုပ်ချုပ်မှုအယ်ဒီတာလည်းဖြစ်သည်။ ၎င်းသည် Danish School of Journalism ကျောင်းတွင် ပညာသင်ယူခဲ့သည်။

မူးယစ်ဆေးဝါးဂိုဏ်းကြီးများနှင့် ရာဇဝတ်ဂိုဏ်း၊ စီးပွားရေးလုပ်ငန်းများ၊ ရဲအဖွဲ့နှင့် အစိုးရတို့အကြား ဆက်နွယ်မှုရှိသည့် သတင်းများကို သတ်ရန် ခြိမ်းခြောက်မှုများကို ဂရုမစိုက်ဘဲ ဟာနန်ဒက်ဇ်က ဖော်ပြခဲ့သည်။ ယခုအချိန်တွင် မက္ကဆီကိုနိုင်ငံသည် သတင်းစာဆရာများ အလုပ်လုပ်ကိုင်ရန် ကမ္ဘာပေါ်တွင် အန္တရာယ်အများဆုံးနေရာဖြစ်သည်။ ဟာနန်ဒက်ဇ်၏ မက္ကစီကိုနိုင်ငံအတွင်း ခြစားမှုနှင့် အာဏာအလွဲသုံးစားမှုတို့ကို စူးစမ်းလေ့လာ သတင်းထောက်လှမ်းမှုကြောင့် ၂၀၁၂ ခုနှစ် Golden Pen of Freedom ကို ပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရသည်။ လွတ်လပ်စွာပြောဆိုနိုင်မှုအခွင့်အရေးကို ကာကွယ်နိုင်သည့်အတွက် သတင်းစာများနှင့် သတင်းစာထုတ်ဝေသူများ ကမ္ဘာ့အသင်းက ပေးအပ်သည့်ဆုဖြစ်သည်။

ယနေ့ ကျွန်ုပ်တို့သည် ခြိမ်းခြောက်မှုတို့ကို အညံ့မခံ၊ မိမိအသက်ဘေး အန္တရာယ်တို့ကို ဂရုမစိုက်ဘဲ ဆိတ်ဆိတ်နေကြသည့် သတင်းစာဆရာများ၊ ကာတွန်းဆရာများ၊ ဓာတ်ပုံဆရာများနှင့် အရေအတွက်တိုးပွားလာသည့် ပြည်သူများထဲက သတင်းစာဆရာများကို အလေးပြုပါသည်။

ဆိတ်ဆိတ်နေခြင်းသည် ခြစားမှုကို ကြီးထွားစေသည်ဟု ဟာနန်ဒက်ဇ်က ပြောသည်။ ကျွန်မတို့မျိုးဆက်က သတင်းစာဆရာများ ဆိတ်ဆိတ်နေကြလျှင်၊ ကြောက်ရွံ့မှု၊ သို့မဟုတ် ပါဝင်ကျူးလွန်ပြီး မိမိတို့၏တာဝန်ကို ကျေပြွန်စွာ မထမ်းဆောင်ခဲ့လျှင် နောင်လာနောက်သား သတင်းစာဆရာများသည် ခြစားမှုကို ဒူးထောက်သည့်အတွက် ရှုတ်ချခံကြမှာဖြစ်သည်။ မက္ကဆီကိုနိုင်ငံ၏ မူးယစ်ဆေးဝါးဂိုဏ်းများအပေါ် ဆက်လက်စုံစမ်း၊ မှတ်တမ်းတင်နိုင်ရန် အသက်ရှင်လျက် ရှိနေလိမ့်ဦးဟု ဟာနန်ဒက်ဇ်က မျှော်လင့်ထားသည်။

အသက်ရှင်ရေးကတော့ လွယ်ကူလှသည့်အလုပ် မဟုတ်ပေ။ လွန်ခဲ့သည့် နှစ်အတွင်း တာဝန်ဝတ္တရားများ ထမ်းဆောင်နေစဉ် သတင်းစာဆရာ ၆၄ ယောက် သေဆုံးခဲ့သည်။ ယခင်နှစ်က Golden Pen of Freedom ဆု ချီးမြှင့်ခြင်းခံခဲ့ရသူ ဒါဝစ်အစ္စတ်သည် ၁၁ နှစ်ကြာ အီရစ်တရင်းအကျဉ်းထောင်ထဲ၌ ပျောက်ဆုံးသွားခဲ့သည်။ သူ့အား စွဲချက်မရှိ၊ တရားစီရင်ခြင်းမရှိဘဲ ထောင်ချခဲ့သည်။ သူသည် အီရစ်တရင်းနှင့် ဆွီဒင်နိုင်ငံသား နှစ်မျိုးစလုံး ခံယူထားသူဖြစ်ပြီး အီရစ်ထရီးယားနိုင်ငံတော်၏ ပထမဆုံး လွတ်လပ်စွာ ထုတ်ဝေခဲ့သည့် Setit သတင်းစာကို ထူထောင်ခဲ့သူများ၌ တစ်ဦးပါဝင်ခဲ့သည်။ သူ့အား လိုက်လံရှာဖွေခဲ့ကြသည့် နိုင်ငံတကာအဖွဲ့အစည်းများက ကြိုးပမ်းခဲ့ကြသော်လည်း ၂၀၀၉ ခုနှစ်က အထိန်းသိမ်းခံခဲ့ရသည့် သတင်းစာလေးဦးတို့မှာလည်း အဖမ်းခံနေရစဉ်အတွင်း သေဆုံးခဲ့ကြသည်။ သူလည်း အသက်ရှင်လျက်ရှိနေဦးမည် မဟုတ်ကြောင်း သံသယဖြစ်စရာ အကြောင်းမရှိတော့ပေ။

ဆီးရီးယားကာတွန်းဆရာ အလီဖာဇတ်၏ ရဲစွမ်းသတ္တိကိုလည်း ကျွန်ုပ်တို့ ဂုဏ်ပြုအလေးပြုရမှာဖြစ်သည်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ၌ ဆီးရီးယားအစိုးရလိုလားသူ လူမိုက်များ၏ ရိုက်နှက်ခြင်း၊ လက်များချိုးခံရသည့် ကြားထဲက ယခုဆိုလျှင် ကာတွန်းများ ပြန်လည်ရေးဆွဲနေပြီဖြစ်သည်။ ရုရှားလူမျိုး စုံစမ်းလေ့လာသည့် သတင်းစာဆရာ အယ်လီနာမီလာရှီနာသည် သူ၏လုပ်ဖော်ကိုင်ဖက် အန်နာပိုလီစကိုဗ်စကာရာ သေဆုံးခဲ့ပြီး သူ၏အသက်ကိုလည်း ခြိမ်းခြောက်မှုများ ရှိနေသည့်ကြားထဲက မြောက်ပိုင်းကော့ကေးဆပ်ဒေသတွင်း လူ့အခွင့်အရေးချိုးဖောက်မှုသတင်းများကို ဆက်လက်ဖော်ထုတ် ရေးသားလျက်ရှိနေသည်။

ရဲစွမ်းသတ္တိပြည့်စုံပြီး ဖိအားပေးခြင်းကို ခေါင်းငုံ့မခံသည့် သတင်းစာဆရာအချို့တို့ကို ဖော်လိုက်ခြင်းဖြစ်သည်။ ကမ္ဘာ့နေရာအရပ်ရပ်မှ သတင်းစာဆရာများကို နှုတ်ပိတ်သည့်နည်းများသည် တစ်နေရာနှင့် တစ်နေရာ မတူကြပေ။

်လပ်ခွင့်ဟာ
့စီစနစ်ရဲ့
ဆီဂျင်ပဲ”

င်းလွတ်လပ်ခွင့်ဟာ ဘယ်အတိုင်းအတာအထိ

ဒီလောက် အရေးမပါပါဘူး။ သတင်းအချက်
ပြီး အဲဒီအောက်ဆီဂျင် ဆက်လက်တည်မြဲနေဖို့
ယ်။
ယာတစ်ခုလို မတူညီတဲ့ရှုထောင့်အမြင်တွေကို
့စီစနစ်မကြီးထွားနိုင်ပါဘူး။

ယ်တော့လောက်ရလာလိမ့်မယ်လို့ထင်သလဲ။

ရဟာဘယ်လောက်ရိုးသားတယ် ဘယ်လောက်
နတယ်။ အဲဒီအတွက်လည်း သတင်းလောက
ရလိမ့်မယ်လို့ ထင်တယ်။

င်ငံရဲ့သတင်းမီဒီယာလောက ဘယ်လိုပြောင်းလဲ

ာလည်း အနီးကပ်စောင့်ကြည့်တာမျိုး မရှိပါဘူး။
တာဆိုရင် မြန်မာမီဒီယာအနေနဲ့နိုင်ငံရဲ့ အစိုးရနှင့်
့်ပြောဆိုတာမျိုး မလုပ်နိုင်ခဲ့ဘူး။ အခုဆိုရင်
ရေးကြီးဆုံးကဏ္ဍက အစိုးရနှင့်တိုင်းပြည်တွင်းမှာ
သူတွေကို အသိပေးနိုင်ဖို့ပဲ။

နိုင်ဖို့ မြန်မာမီဒီယာလောကရဲ့ အားအနည်းဆုံး

တကယ့်စိန်ခေါ်မှုအဖြစ်ရှိနေတုန်းပဲ။ နိုင်ငံပိုင်
ိုယ်စားပြုတဲ့ မီဒီယာအဖြစ်ပြောင်းလဲလာဖို့
ဒီလိုမှမဟုတ်ရင် မီဒီယာတွေအားလုံး ကျွန်တော်
့လိုတယ်။ အဲဒါဟာလည်း သူတို့တွေအတွက်

ပ်ရုံဆွေးနွေးပွဲမှာ ပြန်ကြားရေး နှင့် စာပေစိစစ်
ရဲ့ မီဒီယာ ကျွမ်းကျင်သူတွေနဲ့ တွေ့ဆုံခဲ့တော့
သုံးသပ်မိသလဲ။

ဘောဆန်တဲ့ပေါ်မှာ ကျွန်တော်တော်တော်လေး
တွေ့ခဲ့တဲ့ တခြားသူတွေလည်း အများကြီး ရှိသေး
သူတွေလည်း ရှိနိုင်တာပဲ။ ကျွန်တော်ထင်တယ်။
းတဲ့သူတွေအနေနဲ့ ဘယ်ဟာအရေးကြီးဆုံးလဲ
နန်းတင်ထွေး

သတင်းလွတ်လပ်ခွင့်အပေါ် အမြင်

”ဒီကိစ္စဟာ စာပေစိစစ်ရေးဝန်ထမ်းတစ်ဦးအနေနဲ့ ပြောရမှာဖြစ်လို့ ပြဒါးတစ်လမ်း၊သံတစ်လမ်းလို့ ပြက်ရယ်ပြုကောင်းပြုနိုင်ကြပါတယ်။ တကယ်တော့ အခြေအနေတွေဟာ ယခင်နဲ့လုံးဝမတူတော့ပါဘူး။ ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့မျိုးကို ယနေ့မြန်မာနိုင်ငံမှာ UNESCO နဲ့ ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့တာကိုကြည့်လိုက်ရင် တစ်လမ်းတည်းသွားနေတာကို ပိုပြီး ယုံကြည်ကြမယ်လို့ထင်ပါတယ်။ လွတ်လပ်မှုဆိုတာဟာ သက်ရှိအားလုံးကမြတ်နိုး လိုချင်ကြတဲ့ သဘာဝ အကြောင်းတရားတစ်ခု ဖြစ်ပါတယ်။ လွတ်လပ်စွာ ပြောဆိုရတဲ့ အပြော၊ လွတ်လပ်စွာပြုမူနိုင်တဲ့အပြုအမူနဲ့လွတ်လပ်စွာ လုပ်နိုင်သော အလုပ်တို့ရှိမှသာ အလုံးစုံ ဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ရလာဒ်ကို ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒီအတွက် သတင်း လွတ်လပ်ခွင့်ဆိုတာဟာ သတင်းသမားများ အတွက်သာမဟုတ်ဘဲ ပြည်သူလူထု၊မဏ္ဍိုင်သုံးရပ်နဲ့ အစိုးရအတွက်ပါ လိုအပ်ပါတယ်။ အရေးကြီးတယ်လို့လည်း ခံယူပါတယ်။ သို့သော်လည်း လွတ်လပ်မှုတိုင်းအတွက် တာဝန်ယူမှုနဲ့ဆင်ခြင်တုံတရားဆိုတာကိုလည်း သတိပြုကြရမှာဖြစ်ပါတယ်။ သူ့နေရာ၊ သူ့ကဏ္ဍနဲ့အတူစောင့်ထိန်းအပ်သော ကျင့်ဝတ်တွေ၊ မပျောက်ပျက်အပ်သော အစဉ်အလာတွေကတော့ ရှိနေရမှာသာ ဖြစ်ပါတယ်။

ဦးတင့်ဆွေ (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)
ဇော်မြင့် မေးမြန်းသည်။

”ပြည်တွင်းမီဒီယာဟာ ဒီနှစ်ပိုင်းအတွင်း အတော်လေးကို ထူးထူးခြားခြား ပြောင်းလဲသွားတာကို တွေ့ရတယ်။ လူတွေကို ပညာပေးလာနိုင်တယ်။ သတ္တိရှိရှိနဲ့ dramatically ပြောင်းလဲခဲ့တာအရမ်းကို အံ့သြလောက်တယ်။ ကြိုဆိုဖို့လည်း ကောင်းတယ်။ ဒါပေမယ့် အနောက်နိုင်ငံတွေမှာလို စောင်ရေများများ ထွက်ရအောင် ပြည်သူတွေကို အာရုံ နှိုးဆွပေးမယ့် tabloid ပုံစံမျိုး အတင်းအဖျင်းတွေရေးသားတာ မဖြစ်စေချင်ဘူး။ သတင်းရေးတဲ့အခါမှာလည်းသတင်းသမားတွေဘက်က တာဝန်ယူတဲ့ပုံစံမျိုး ဖြစ်စေချင်တယ်။ တာဝန်မယူခဲ့ရင် ကိုယ့်ရှူးကိုယ်ပြန်ပတ်နိုင်တယ်။ ပြည်သူက ဒီမီဒီယာကိုနောက်ပိုင်း ဖတ်တော့မှာ မဟုတ်ဘူး။ မယုံကြည်နိုင်တော့ဘူး။နိုင်ငံရေးလို သတင်းမျိုးရေးသားတဲ့ နေရာမှာလည်း ဘယ်သူ့ဘက်မှမလိုက်ဘဲ မျှမျှတတကြားနေမှုရှိဖို့နဲ့ ပြည်သူ့အရေး၊ ပြည်သူအကျိုးရှိမယ့်ဟာ၊ စိတ်ဝင်စားတာမျိုးကိုပဲ လုပ်သင့်တယ်။

ဒေါက်တာမောင်မောင်လေး (မြန်မာနိုင်ငံ ကုန်သည်နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ) အေးသီတာကျော် မေးမြန်းသည်။

ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့အတွက် မြန်မာတိုင်း(မ်)အုပ်ချုပ်မှု ဒါရိုက်တာ ရော့စ်ဒန်ကလီနှင့် ကမ္ဘာ့သတင်းစာအသင်းမှ တီမိုသီဘောလ်ဒင်းတို့၏ စာလွှာ

လူသားအားလုံး၏ တရားဝင်ရည်မှန်းချက်ဆန္ဒဖြစ်သော ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုတို့ရရှိရေးနှင့်ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် အကောင်းဆုံး နိုင်ငံရေးစနစ်ဖြစ်သော ‘ဒီမိုကရေစီ’၏ အဓိကပင်မအခြေခံများတွင် ‘သတင်းစာလွတ်လပ်ခွင့်’သည် တစ်ခုအပါအဝင်ဖြစ်သည်။

ယနေ့အချိန်တွင် သတင်းစာလွတ်လပ်ခွင့်သည် ကြာရှည်တည်တံ့ခိုင်မြဲသော စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတိုးတက်ရေးနှင့် တည်ငြိမ်ရေးတို့တွင် မရှိမဖြစ် အခြေခံလိုအပ်ချက်အဖြစ်လည်းကောင်း၊ ကမ္ဘာပေါ်ရှိစက်မှုဖွံ့ဖြိုးပြီးနိုင်ငံများတွင်ဖြစ်စေ၊ ဆင်းရဲသော နိုင်ငံများတွင်ဖြစ်စေ ကမ္ဘာ့လူသားအားလုံးအပေါ် ဖိစီးနှိပ်စက်နေသော ဆင်းရဲမွဲတေမှုရောဂါဘယ ထုပြောမှု၊ အဂတိလိုက်စားမှု၊ မသိနားမလည်မှုနှင့် စာမတတ်မှုများကို တိုက်ဖျက်ရာတွင် အင်အားကြီးမားသော မဟာမိတ်အဖြစ်လည်းကောင်း၊ သတင်းစာလွတ်လပ်ခွင့်ကို အားလုံးက အသိအမှတ်ပြုလက်ခံလာကြပြီဖြစ်သည်။

သတင်းစာလွတ်လပ်ခွင့်သည် မည်သည့် ရှုထောင့်မှပင်ကြည့်ကြည့် နိုင်ငံ့ကောင်းကျိုးကို ဆောင်သည်ချည်းဖြစ်သည်။ သို့နှင့်တိုင် သတင်းစာသည်လည်းကောင်း၊ သတင်းအလုပ်လုပ်ကိုင်နေကြသူများသည်လည်းကောင်း ကမ္ဘာတစ်ဝန်းတွင် အန္တရာယ်၊ ဒုက္ခပေါင်းများစွာတွင် နေ့စဉ်လိုလို သတင်းထောက်များ၊ အယ်ဒီတာများ၊ ထုတ်ဝေသူများမှာ အသတ်ဖြတ်ခံရခြင်း၊ တိုက်ခိုက်ခြင်း၊ ထိန်းသိမ်းခြင်း၊ အနှောင့်အယှက်ပေးခြင်း ခံနေကြရသည်။ သူတို့၏ သတင်းစာများမှာလည်း ဆင်ဆာဖြတ်တောက်ခြင်း၊ ဒဏ်ရိုက်ခြင်း၊ ထုတ်ဝေခွင့်ရုပ်ဆိုင်းခြင်း၊ ပိတ်ပင်ခြင်းတို့ ခံနေကြရသည်။

သတင်းသမားနှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေးသည် ယနေ့ ဤနိုင်ငံတွင် အဓိကပြဿနာတစ်ခု ဖြစ်နေသည်။ ထိုပြဿနာမဖြေရှင်းနိုင်သေးသမျှ ပြန်လည်သင့်မြတ်မှုမရှိနိုင်ချေ။ ဤလုပ်ငန်းစဉ်မပြီးပြတ်သေးသမျှ လူထုနှင့် အစိုးရအကြား လူမှုရေးသဘောတူညီမှုအသစ် ဖော်ဆောင်နိုင်ဦးမည်မဟုတ်ချေ။

သတင်းသမားသည် သတင်းကို ရေးသားဖော်ပြ၍ အမှောင်တွင်းမှ အလင်းကို ထွန်းညှိပေးသည်။ ဤသို့သာ လုပ်ဆောင်ပေးမည့်သူမရှိလျှင် မည်သို့ ရှိချိမ့်မည်နည်း။ မြန်မာ့အကျဉ်းထောင်များတွင် ယုံကြည်ချက်ကြောင့် အကျဉ်းခံနေရသူများ၊ အကြမ်းမဖက်သော ဖွဲ့သတ္တိ၊ ခံနိုင်ရည်များဖြင့် ယုံကြည်ခိုင်မာစွာ နေကြရသူများအတွက်လည်း အလင်းရောင်ထွန်းညှိပေးရန် လိုအပ်ပါသည်။ ကံအားလျော်စွာ မြန်မာနိုင်ငံတွင် အခြေအနေများ ပြောင်းလဲလာခဲ့သည်။ သတင်းသမားများ အပါအဝင် နိုင်ငံရေးအကျဉ်းသား အမြောက်အမြားကို မကြာခင်က လွှတ်ပေးခဲ့ရာ အားလုံးက သောင်းသောင်းဖျဖျ ကြိုဆိုကြသည်။ ယခင်က ထွေးပိုက်ထားခဲ့သော အတွေးဟောင်းများကို စွန့်ပစ်၍ နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရန်မှာ သတ္တိများစွာ လိုပါသည်။

လူသားတစ်ရပ်လုံး၏ အခြေအနေတွေပြောင်းနေပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ အဆောက်အအုံသည်လည်း ပြောင်းလဲရမည်ပင်။ ကမ္ဘာကြီးသည် ပို၍ပို၍ နေချင့်စဖွယ်နေရာကြီးဖြစ်လာရမည်ဟု အခိုင်အမာယုံကြည်ထားသင့်ပါသည်။ ၂၀၀၃ ခုနှစ် ကမ္ဘာ့သတင်းစာလွတ်လပ်ခွင့်နေ့တွင် ဒလိုင်းလားမားက ဤသို့ ပြောခဲ့ဖူးသည်။

“ကမ္ဘာတွင် အခြေခံလူသားဆန်မှု၊ နူးညံ့သိမ်မွေ့မှုနှင့် အကြင်နာတရားများ ရှိပါသည်။ ပြဿနာတစ်ခု၊ အကျပ်အတည်းတစ်ခုပေါ်ပေါက်လာလျှင် အခြားရွေးစရာလမ်းရှိသည်။ နည်းလမ်းရှိသည်။ အလားအလာကောင်းတွေရှိသေးသည်ဆိုသည်ကို မီဒီယာက ညွှန်ပြရပေမည်။ အခြေအနေဆိုးကို ပြောင်းလဲပစ်နိုင်သည်။ ကောင်းလာအောင်လုပ်နိုင်သည်ဟု လူထုက ယုံကြည်လာအောင် လုပ်ဆောင်ပေးကြရမည်” မီဒီယာ၏ အန္တိမပန်းတိုင်သည် နိုင်ငံရေးသော်လည်းကောင်း၊ စီးပွားရေးသော်လည်းကောင်း မဖြစ်သင့်ပေ။ လူသားအရေးသာလျှင် ဖြစ်သင့်ပေသည်။ ငြိမ်းချမ်းသော၊ ချစ်ခင်ကြင်နာသော၊ မိတ်ဆွေကောင်းပီသသော လူအများ စုပေါင်းနေထိုင်သည့် ပိုမိုပျော်ရွှင်ဖွယ်ကောင်းသော၊ ပိုမိုလှပသာယာသော ကမ္ဘာကြီးဖြစ်အောင် ကြံဆောင်ကြပါစို့။ ဤပန်းတိုင်သို့ လျှောက်လှမ်းရာတွင် မီဒီယာတွင်လည်း တာဝန်ရှိသည်။ သို့သော် ဤအရေးသည် မီဒီယာတစ်ခုတည်းနှင့်သာ သက်ဆိုင်သည်မဟုတ်၊ ကမ္ဘာအားလုံးနှင့် သက်ဆိုင်ပေသည်။ **ကိုကို ဘာသာပြန်သည်။** ■

ာရေစီကို ဆိတ်သုဉ်းစေသည်

{wifrS&6nfqdwfqdwae&efjiifuonfh
pae,Ypfonf0yrm-ruúqDk
wifpmq&mrsm;ukqkvkonf

တရုတ်နိုင်ငံမှာဆိုလျှင် ဆင်ဆာနှင့် တိုးပွားလာသည့် လူမှုရေးမီဒီယာ ကွန်ရက်များအပေါ် တိုက်ဖျက်မှုကို ချဲ့ထွင်လာသည်။

ပါကစ္စတန်၌ သတင်းစာဆရာများ မပြောရဲ မဆိုရဲဖြစ်ရန် ခြိမ်းခြောက်မှုများနှင့် အကြမ်းဖက်မှုများကို သုံးသည်။ လွန်ခဲ့သည့် ငါးနှစ်အတွင်း သတင်းစာဆရာ ၃၈ ယောက် အသတ်ခံခဲ့ရာတွင် အများစုမှာ တာဝန်ထမ်းဆောင်နေစဉ်အတွင်း ဖြစ်ကြသည်။

အာဂျင်တီးနားကဲ့သို့သော နိုင်ငံများတွင် စီးပွားရေးအရ ဖိနှိပ်ခြင်းမျိုးသည် မီဒီယာလုပ်ငန်းရှင်များ၊ အစိုးရနှင့် အစိုးရနှင့်ဆက်စပ်သည့် ကြော်ငြာဝင်ငွေများမရရှိမှာ စိုးရိမ်မှုကြောင့်၊ အစိုးရကို ထိခိုက်စေမည့်သတင်းများ မဖော်ပြဝံ့ခြင်းတို့ကို ဖြစ်စေသည်။

အခြားနိုင်ငံများတွင် အထူးသဖြင့် အရှေ့ဥရောပနှင့် အာဖရိကတိုက်တို့၌ သတင်းစာဆရာများနှင့် ပုံနှိပ်ထုတ်ဝေသူများကိုယ်တိုင် လုပ်ငန်းနှင့် အစိုးရကို ဝေဖန်ခြင်းမပြုဘဲနှင့် ကြော်ငြာများ ဆက်လက်လုပ်ကိုင်ခြင်း၊ ကမကထပြုလုပ်ခြင်းနှင့် သီးသန့်နေရာများသို့ ဝင်ရောက်သွားလာခြင်းကို မျှော်လင့်ကြသည်။

အထူးသဖြင့် အာဖရိကတိုက်တွင် စော်ကားမှုဥပဒေများနှင့် ရာဇဝတ်မှု၊ အသရေဖျက်မှုဥပဒေများဖြင့် နိုင်ငံရေးသမားများနှင့် အာဏာရှိများအပေါ် ဝေဖန်မှုများကို တရားမဝင်ပြုလုပ်ထားသည်။ တောင်အာဖရိကနိုင်ငံတွင် စုံစမ်းသတင်းထောက်လှမ်းမှုများကို နှေးကွေးဟန့်တားစေသည့်ဥပဒေများ အတည်ပြုနိုင်ရန် အကြံပြုထားခြင်းများရှိသည်။ ထို့ပြင် သက်ဆိုင်သူသာကြည့်ခွင့် ဖတ်ခွင့်ရှိသည့် သတင်းများ သတင်းစာဆရာများလက်ဝယ်တွေ့ရှိပါက ရာဇဝတ်မှုကျူးလွန်သကဲ့သို့ အရေးယူခံရဖွယ်ရှိသည်။

မီဒီယာကို အမြဲတမ်းချစ်မြတ်နိုးရန် မလွယ်လှပေ။ သို့သော်လည်းလွတ်လပ်သည့် သတင်းစာတို့၏အကျိုး ဖြစ်ထွန်းမှုများသည် ခြစားမှု၊ အာဏာအလွဲသုံးစွဲမှုတို့ကို ဖော်ထုတ်သည့်အခါမျိုးတွင် ဖြစ်စေ၊ ပြည်သူများ၏ မူဝါဒမအောင်မြင်မှုများကို ဖော်ထုတ်သည့်အခါမျိုးတွင်ဖြစ်စေ ပြည်သူ့နီတိဆိုင်ရာ တာဝန်များကို ထမ်းဆောင်နိုင်ရန် ပြည်သူများ သိရန်လိုအပ်သည့်ကိစ္စများကို အသိပေးခြင်းတို့ ဖြစ်ပေသည်။

သတင်းလွတ်လပ်ခွင့်ရှိသည့် ဒီမိုကရေစီနိုင်ငံများတွင် ခြစားခြင်းကို လျော့နည်းစေပြီး အဆင့်မြင့် ဖွံ့ဖြိုးမှုများ ရရှိနိုင်သည်မှာ တိုက်ဆိုင်မှုမဟုတ်ပေ။ နိုဘယ်ဆုရှင် အမာတီယာဆန်းက ပြောခဲ့ဖူးသည်။ သတင်းစာလွတ်လပ်မှုရှိသည့် ဒီမိုကရက်တစ်နိုင်ငံများသည် ငတ်မွတ်ခေါင်းပါးဘေး မကြုံဖူးဘူးဟု ဆိုသည်။ အာဏာရှိလူတန်းစားသည် အများအားဖြင့် နိုင်ငံ၏အဆင်းရဲဆုံး လူများနှင့် ထိတွေ့ဆက်ဆံမှုမရှိကြပေ။ သို့သော် မီဒီယာက သူတို့ကို ဖော်ထုတ်ဝေဖန်ခဲ့ပြီး နောင်လာမည့် ရွေးကောက်ပွဲတွင် သူတို့၌တာဝန်ရှိကြောင်း၊ ဆင်ဆာမရှိသည့်သတင်းစာက ဖော်ပြခဲ့လျှင် နောင် ဤကပ်မျိုးကို ရှောင်ရှားနိုင်ရန် တိုက်တွန်းခြင်းခံရမည်ဖြစ်သည်။

သတင်းစာလွတ်လပ်မှုဆိုသည်မှာ လွတ်လပ်စွာ ဝေဖန်နိုင်ခြင်းပင်ဖြစ်သည်။ သမိုင်းတစ်လျှောက်တွင် ဝေဖန်မှုနှင့် သံသယရှိရန် သတ္တိရှိခြင်းတို့သည် ပြောင်းလဲမှုနှင့် လူ့အဖွဲ့အစည်းတိုးတက်ဖွံ့ဖြိုးမှုတို့အတွက်တွန်းအားပင်ဖြစ်သည်။

ဘီစီ ၃၉၉ က အေသင်မြို့ရှိ လူငယ်များ၏ စိတ်များကို ဒဿနိကဗေဒပညာရှင် ဆိုကရေတီး၏ အပြစ်ရှာသည့် မေးခွန်းများက ဖောက်ပြားစေခဲ့သည်ဟု ဆိုကာ အဆိပ်သောက် သေစေခဲ့သည်။ ယနေ့ ကမ္ဘာပေါ်ရှိ ရဲရင့်ကြသည့် သတင်းစာဆရာများနှင့် အယ်ဒီတာတို့က လူ့အဖွဲ့အစည်း၏အခြေအနေနှင့် အာဏာလက်ဝယ်ရှိသူများ၏ လုပ်ရပ်များအပေါ် မေးခွန်းထုတ်ခြင်းတို့သည် ဆိုကရေးတီးနှင့် ဆက်စပ်မှုရှိပေသည်။

မူတစ်ခုအဖြစ် လွတ်လပ်စွာ ပြောဆိုနိုင်ခွင့်သည် နှစ်ပေါင်းရာစုချီပြီးရှိခဲ့သည်။ လွတ်လပ်စွာရှိနေရန် လူသည် လွတ်လပ်စွာ ဆက်သွယ်ခွင့်ရှိရမည်ဟု ဆိုသည်။ မယုံသင်္ကာရှိခြင်း၊ မေးခွန်းများမေးခြင်းနှင့် သဘောထားကွဲလွဲမှုဖြစ်ခြင်းတို့သည် နိုင်ငံတစ်နိုင်ငံကို အားနည်းစေခြင်းမရှိ၊ ပိုပြီး အားကောင်းခိုင်မာလာသည်ကို ယနေ့တိုးတက်ဖွံ့ဖြိုးနေသည့် နိုင်ငံများက သိရှိနေကြပြီဖြစ်သည်။

ဒီမိုကရေစီ၏သမိုင်းကိုပြန်ကြည့်လျှင် လွတ်လပ်စွာ သတင်းဖော်ပြခွင့်ရှိသည့်နိုင်ငံများ ပိုမိုကောင်းမွန်လာသည့် ပညာရေးစနစ်၊ ကျန်းမာရေးနှင့် စီးပွားရေး ဖွံ့ဖြိုးမှုဖြစ်ပေါ်လာပြီးမှ ရရှိလာခြင်းမဟုတ်၊ ဤကဲ့သို့ဖြစ်လာရန် အဓိကကျသည့် အုတ်မြစ်ပင်ဖြစ်သည်။

ယနေ့ ကျွန်ုပ်တို့သည် မိမိတို့၏ အသက်များကို ပဓာနမထားဘဲ သတင်းများရေးသားခြင်း၊ ပြောဆိုကြသည့် အယ်ဒီတာနှင့် သတင်းစာဆရာများနှင့် ကန့်သတ်မှုများကြားထဲက ထုတ်ဝေသူများကို ဂုဏ်ပြုပါသည်။ Golden Pen ဆုရှင် အန်နာဘဲလ်ဟာနန်ဒက်ဇ် သတိပေးခဲ့သလိုပဲ ဆိတ်ဆိတ်နေခြင်းသည် ဒီမိုကရေစီကို ဆိတ်သုဉ်းရန် ကျွန်ုပ်တို့အား အပေါင်းပါဖြစ်စေသည်ဟူသည့် အချက်ပင်ဖြစ်သည်။

သောင်းညွန့် ဘာသာပြန်သည်။ ■

အာဏာပိုင်အားလုံးတာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုရှိဖို့လိုတယ်

နန်းတင်ထွေး

အလွတ်သတင်းထောက်အဖြစ် နှစ်ပေါင်း ၃၀ ကျော်နီးပါး ရပ်တည်လာကာ မြန်မာနိုင်ငံအရေးကိုသာ ရေးသားလာသော မစ္စတာလယ်ရီဂျာဂင်အား မြန်မာနိုင်ငံသို့ ခေတ္တရောက်ရှိစဉ်အတွင်း အလွတ်သတင်းထောက်တစ်ဦး၏ ရပ်တည်မှုနှင့် မြန်မာမီဒီယာလောကအပေါ် ၎င်း၏ ထင်မြင်ချက်များအား တွေ့ဆုံမေးမြန်း ထားသည်။

✱ ဒီမိုကရေစီကိုကူးပြောင်းတဲ့ကာလမှာ သတင်းလွတ်လပ်ခွင့်ဟာ ဘယ်အတိုင်းအတာအထိအရေးပါသလဲ။

စစ်မှန်တဲ့ သတင်းလွတ်လပ်ခွင့်ဟာ အပြောင်းအလဲကာလထဲကို ရောက်ရှိနေတဲ့ ဘယ်ဒီမိုကရေစီ၊ ဘယ်လူ့အဖွဲ့အစည်းအတွက်မဆို အရမ်းအရေးကြီးပါတယ်။ အဲဒီအတွက်အဓိကအရေးကြီးဆုံးအချက်အားလုံး တာဝန်ယူစိတ်နဲ့ ပွင့်လင်းမြင်သာမှုရှိဖို့ပါပဲ။ အားလုံးဆိုတဲ့နေရာမှာ အစိုးရ၊ အတိုက်အခံအဖွဲ့အစည်း၊ စီးပွားရေးသမားတွေအပြင် ဘာသာရေးခေါင်းဆောင်တွေတောင် ပါဝင်ပါတယ်။

✱ မြန်မာနိုင်ငံရဲ့မီဒီယာလောကအဆင့်အတန်းကိုဘယ်လိုသုံးသပ်မိသလဲ။

မြန်မာပြည်မီဒီယာလောကဟာလွန်ခဲ့တဲ့ဆယ်စုနှစ်တစ်ခုအတွင်းသိသိသာသာပြောင်းလဲလာတာ မေးခွန်းထုတ်စရာမလိုပါဘူး။ ခုဆိုရင် မြန်မာဘာသာနဲ့ ထုတ်ဝေတဲ့စာစောင်တွေ ကြီးထွားလာတာဟာ အပြောင်းအလဲရဲ့ သက်သေပဲ။

✱ မြန်မာနိုင်ငံမှာ သတင်းယူတဲ့အတွေ့အကြုံကရော။ ဘယ်လိုအခက်အခဲမျိုးတွေ တွေ့ရလဲ။

ကျွန်တော် ဒီမှာရှိနေပေမယ့် ကျွန်တော်ရေးပေးနေတာက BBC အတွက်။ ပြီးတော့ နိုင်ငံတကာသတင်းထောက်တစ်ယောက်။ အဲဒီအတွက် စာပေစိစစ်ရေးလိုမျိုးကိစ္စတွေ မကြုံရဘူး။ အဲဒီအတွက်လည်း အာဏာပိုင်တွေက ကျွန်တော့်ကိုသိပ်သဘောမကျခဲ့ဘူး။ အဲဒီအခါမှာ သူတို့လုပ်တာက ကျွန်တော့်ရဲ့ ဝင်လမ်းတွေကို ကန့်သတ်လိုက်တာပဲ။ ကျွန်တော့်ကို တွေ့ဆုံချိန် နည်းနည်းပဲပေးတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ အတွင်း ကျွန်တော် ဒီကိုနှစ်နှစ်ပဲလာခွင့်ရခဲ့တယ်။

ပြီးတော့ နိုင်ငံတကာနဲ့ ပြည်တွင်းသတင်းထောက်တွေအားလုံး သိထားဖို့လိုတာက အာဏာပိုင်တွေဟာ သတင်းထောက်တွေနဲ့ ဘယ်လိုဆက်ဆံရမယ်ဆိုတာကို မသိသေးဘူးဆိုတာပဲ။ သူတို့တွေဟာ ဟက်ဟက်ပက်ပက်မရှိဘူး၊ မပွင့်လင်းဘူး၊ သတင်းထောက်က မေးခွန်းမေးတာတွေကို မကြိုက်ဘူး။ တကယ်လို့ အာဏာပိုင်တွေသာ ပညာရှင်ပီပီသသနဲ့ မတုံ့ပြန်ဘူးဆိုရင် ဒီမှာ သတင်းလွတ်လပ်ခွင့်ဆိုတာကို မြင်ရမှာ မဟုတ်ဘူး။ အစိုးရရဲ့သတင်းစာတွေအပေါ်ထားတဲ့ သဘောထားပြောင်းပြီး ပွင့်လင်းလာမှသတင်းလွတ်လပ်ခွင့်ကိုမြင်ရမှာ ဖြစ်တယ်။

✱ အလွတ်သတင်းထောက်အနေနဲ့ ရပ်တည်ရတဲ့အဆိုးအကောင်းကရော။

အရင်က ကျွန်တော်ရုံးထိုင်တဲ့အချိန်တွေဆိုရင် အစည်းအဝေးတွေနဲ့ အချိန်ကုန်နေတာ များတယ်။ အလွတ်သတင်းထောက်ဖြစ်တဲ့အတွက် ကျွန်တော် သတင်းရေးချိန်ပိုရတယ်။ ကြိုက်တဲ့အကြောင်းအရာကို ရေးနိုင်တယ်။ အယ်ဒီတာကချပေးတဲ့၊ ကိုယ်မကြိုက်တဲ့သတင်းတွေ ရေးနေစရာမလိုဘူး။

အခက်အခဲကတော့ ငွေပဲ။ ကျွန်တော် အခုသတင်းလိုက်လို့ရတဲ့ငွေနဲ့ ရပ်တည်နေတာမဟုတ်ဘူး။ သတင်းစာပညာသင်တန်းတွေ ပို့ချမှုကနေရတဲ့ ငွေကြေးတွေနဲ့ရပ်တည်နေတာ။

✱ အလွတ်သတင်းထောက်တွေ နည်းနေသေးတဲ့ မြန်မာနိုင်ငံမှာရော ရှေ့ဆက် အလွတ်သတင်းထောက်တွေ

ဒီထက်များလာဖို့ရှိလား။

တကယ်လို့ မီဒီယာဥပဒေသာ ပြန်ကြားရေးဝန်ကြီးဌာနဘက်က ပြောသလိုပို ကောင်းလာမယ်ဆိုရင် အလွတ်သတင်းထောက်တွေ ဒီထက်ပိုရှိလာမှာ အသေအချာပဲ။

ဒီမှာ အလွတ်သတင်းထောက်တွေ နည်းရတဲ့အဓိကအကြောင်းရင်းကအလုပ်လုပ်ဖို့ အရမ်းခက်တယ်။ အတားအဆီးတွေ များတယ်။ နောက်တစ်ခုက ငွေကြေးပိုင်းဆိုင်ရာ။ ဒါပေမယ့်သေချာပါတယ်၊ အခြေအနေတွေ ဒီထက်ပိုကောင်းလာပြီး နိုင်ငံတကာနဲ့ပြည်တွင်း အလွတ်သတင်းထောက်တွေ မြန်မာပြည်မှာ အများကြီးရှိလာလိမ့်မယ်။

tvDZufbnfxifSonfqDD,m;umwefq&mwpfDzpfbnfifvuf&mr;rSqDD,m;Ekf\Wifomruhf\WuowifprWiy u,fu,fyeYYeYzmjycifc\Heonf¤ifonfta&Sv,f\a'o&Spk&rm;\zEkfyc,frm;uboYomEkf\a&;ESfoufqkfonf talumift&mr;uk&;q&mwifmrnfuDonfqDD,m;ta&;tcifumv2011cESfo*kfv25&uaeYwifqDD,m;vjkfa&;wyfzkfU;[k ,lq&olrm;\½kfESifcifuk\Honf¤ifwhYowdy;onfaejzifZufvufwpfcifukdpm;cbonf

WAN-IFRA/Ali Ferzat

သတင်းလွတ်လပ်ခွင့်အပေါ် အမြင်

“ဒီမိုကရေစီဟာ ဘယ်လိုထိရောက်လိမ့်မလဲဆိုတာက အဖွဲ့အစည်း အနည်းငယ်နဲ့ ယဉ်ကျေးမှုအချို့အပေါ်မူတည်ပါတယ်။ အဓိကအကျဆုံး အဖွဲ့အစည်းကို ပြောရရင်တော့ ‘သတင်းမီဒီယာ’ ပါပဲ။ ဒီမိုကရေစီ အခြေခံတဲ့ ပတ်ဝန်းကျင်တစ်ခုရဲ့ အဆင့်အတန်းဟာလည်း နိုင်ငံတစ်နိုင်ငံချင်းစီရဲ့ စာနယ်ဇင်းလောကဟာ ဘယ်လောက်ထိ လွတ်လပ်ခွင့်ရသလဲဆိုတဲ့အပေါ် မူတည်ပါတယ်။

ဒီမိုကရေစီဟာ ပြည်သူတွေနဲ့ သူတို့ရဲ့အမြင်တွေကို ဖော်ပြတယ်ဆိုကတည်းက ပြည်သူတွေအနေနဲ့ မီဒီယာကနေတစ်ဆင့် သူတို့ရဲ့ကိုယ်ပိုင်အမြင်တွေကို ဘယ်လောက် လွတ်လွတ်လပ်လပ် မျှဝေလို့ရသလဲဆိုတာက အရေးကြီးသွားပြီ။

အစိုးရမှာ ပြည်သူတွေ ဘာပြောတယ်ဆိုတာနဲ့ ပြည်သူတွေ ဘာကို မျှော်လင့်တယ်ဆိုတာ နားထောင်ဖို့ ‘နားရွက်’ မရှိဘူး။ မီဒီယာဆိုတာ အစိုးရရဲ့ ‘နားရွက်’ ဖြစ်ဖို့အတွက် အကောင်းဆုံးကိရိယာပါပဲ။

သတင်းလွတ်လပ်ခွင့်မရှိခြင်းဟာ ပြည်တွင်းမှာ ပရမ်းပတာအခြေအနေတွေကို ဖန်တီးဖြစ်ပေါ်စေနိုင်ပါတယ်။ အစိုးရအဖွဲ့အစည်းဟာ တစ်ခါတရံမှာ တစ်ဖက်စောင်းနင်းလူစုဆီက အသံတွေကိုပဲ ကြားရတဲ့အတွက် ပြည်သူတွေနဲ့ ဝေးသွားတတ်တယ်။

သတင်းလွတ်လပ်ခွင့်ဟာ မီဒီယာက သတင်းအချက်အလက်တွေ မှန်ကန်တယ်လို့ အာမခံလောက်စရာ သတင်းဌာနရဲ့ တာဝန်ယူမှုတွေကို ဖြစ်ပေါ်လာစေမှာဖြစ်တယ်။ အမှီအခိုကင်းကင်းနဲ့ပေါ့။

တစ်သမတ်တည်း သွားနေတဲ့ နိုင်ငံရေးအမြင်တစ်ခု၊ သို့မဟုတ် နိုင်ငံရေးအုပ်စုတစ်စု၊ သို့မဟုတ် ပုံနှိပ်သတင်းနဲ့ စီးပွားရေးရင်းနှီးမြှုပ်နှံမှုတစ်ခုရဲ့ တွန်းအားပေးမှုကြောင့် ဖြစ်ပေါ်လာတဲ့ ခံယူချက် စတာတွေကို ယိမ်းယိုင်သွားခြင်းဟာ ပျက်စီးစေပါလိမ့်မယ်။ အဲဒီလိုအပြုအမူတွေဟာ သတင်းလွတ်လပ်ခွင့်ကို အန္တရာယ်ဖြစ်စေပြီးတော့ ဒီမိုကရေစီကိုလည်း ဆုတ်ယုတ်သွားစေလိမ့်မယ်”

မစ္စတာ ရှီဟပ်ဘ် အူဒင် အာမတ် (Mr. Shihab Uddin Ahamad)
Country Director
ActionAid Myanmar

နီနီအောင် မေးမြန်းသည်

“မီဒီယာလွတ်လပ်ခွင့် ရဖို့အတွက်လူတိုင်းမှာ မိမိအမြင်နဲ့ ခံစားချက်တွေကို ပြည်သူလူထုရဲ့အခြေခံလိုအပ်ချက်တစ်ခုအနေနဲ့ ထုတ်ဖော်ရမှာဖြစ်ပြီး၊ မိမိအမြင်ကိုမည်သည့်အနှောင့်အယှက်မျှမရှိဘဲ လွတ်လပ်စွာ ရှာဖွေလက်ခံပြီး အတွေးအခေါ်နဲ့အချက်အလက်တွေကို မည်မျှပင် နယ်ခြားနေပါစေ မီဒီယာကနေတစ်ဆင့် သယ်ဆောင်သွားဖို့ ကုလသမဂ္ဂရဲ့ Universal Declaration of Human Rights ပိုဒ်ခွဲ ၁၉ မှာ ဖော်ပြထားပါတယ်။ အကယ်၍ သင်ဟာ သင်ရဲ့အမြင်ကို လွတ်လပ်စွာဖော်ပြခွင့်မရဘူးဆိုရင်၊ အသိပညာတော်မွတ်ခြင်းခံရတာနဲ့ အတူတူပါပဲ။ ဒီနေရာမှာ သတင်းသမားတွေက လူ့အဖွဲ့အစည်းမှာ ဒီအချက်လိုအပ်နေတယ်ဆိုတာ မြင်နိုင်အောင် လုပ်တဲ့နေရာမှာ ပါဝင်နိုင်ပါတယ်။ လူ့အဖွဲ့အစည်းထဲမှာဖြစ်နေတဲ့ အဖြစ်အပျက်တွေကို အမှန်အတိုင်း သတင်းပေးဖော်ပြဖို့ အင်မတန်အရေးကြီးပါတယ်။

မြန်မာနိုင်ငံမှာ မီဒီယာအသစ်တွေ၊ အခွင့်အလမ်းအသစ်တွေပေါ် ထွက်လာတာနဲ့ အမျှ စည်းမျဉ်းလက္ခဏာတွေ၊ သင်တန်းပို့ချချက်တွေကလည်း ဒီမိုကရေစီလမ်းစဉ်သစ်နဲ့အညီ ပေါ်ထွက်လာနေပါပြီ။ ဒါ့ကြောင့် ဖွံ့ဖြိုးတိုးတက်တဲ့၊ လုံလောက်တဲ့ မီဒီယာလေ့ကျင့်မှုဟာ ဦးစားပေးသတ်မှတ်ချက်တစ်ခုပဲဖြစ်ပါတယ်။

ဒီနေရာမှာစိန်ခေါ်မှုတစ်ခုက လွတ်လပ်တဲ့ ပတ်ဝန်းကျင်သစ်တစ်ခုမှာ ဈေးကွက်ကို အလျင်အမြန် အနိုင်ရဖို့အတွက် အရည်အသွေးနဲ့အတတ် ပညာပိုင်းဆိုင်ရာ အဆင့်အတန်းကို အင်အားကြီးမားတဲ့ စီးပွားရေးလောကက ဖိအားပေးလာတဲ့အခါ ဘယ်လိုထိန်းသိမ်းမလဲဆိုတာပါပဲ။

လက်ရှိပြောင်းလဲနေတဲ့အခြေအနေအရ မီဒီယာအဝန်းအဝိုင်းထဲက အတတ်ပညာပိုင်းဆိုင်ရာကို မြှင့်တင်ပေးဖို့လိုအပ်နေပါတယ်။ နောက်ပြီး နိုင်ငံတကာအဆင့်တန်းမီဖို့အတွက် စွမ်းရည်မြှင့်တင်ပေးနိုင်မယ့် လက်တွေ့ကျင့်သုံးနေတဲ့ မီဒီယာသမားတွေပံ့ပိုးပေးဖို့ လိုအပ်ပါတယ်။

မီဒီယာလွတ်လပ်ခွင့်မှာ အွန်လိုင်းလွတ်လပ်ခွင့်ကလည်း ပြောင်းလဲနေတဲ့ စီးပွားရေးလောကအတွက် အလွန်အရေးကြီးပါတယ်။ ဒါက နိုင်ငံခြားကုမ္ပဏီတွေနဲ့ ပုဂ္ဂလိကကုမ္ပဏီတွေအတွက် ဆွဲဆောင်မှုတစ်ခုပဲဖြစ်ပါတယ်။ မီဒီယာလွတ်လပ်ခွင့်ကို လေးစားတဲ့နိုင်ငံတွေမှာ ကုမ္ပဏီတွေက ရေရှည်စီးပွားရေးလုပ်ဖို့ ဆန္ဒရှိကြပါတယ်။

မစ္စတာ ဆာဒါအလမ်ဦးမား
(ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့မှ အစီအစဉ်မန်နေဂျာ)

မေစန္ဒီ မေးမြန်းသည်

urÇÓwif;fvwfvyfcifaeY xdrf;trSwf AFP "mwfykH;

အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဓာတ်ပုံသတင်းထောက်တစ်ဦးအား ကိုင်ရိုမြို့ရှိ ပြည်ထဲရေးဝန်ကြီးရုံးအပြင်ဘက်၌ ၂၀၁၂ ဖေဖော်ဝါရီလ ၅ ရက်နေ့က ဖြစ်ပွားခဲ့သော အဖြစ်အပျက်အတွင်း ဖမ်းဆီးထိန်းသိမ်းနေစဉ်။

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့က ဂျော်ဂျီယာသတင်းစာဆရာများက သမ္မတအိမ်တော်ရှေ့တွင် သတင်းလွတ်လပ်ခွင့်အတွက် ဆန္ဒပြနေကြစဉ်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့က မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံပြီးနောက် ဒေါ်အောင်ဆန်းစုကြည်က သတင်းမီဒီယာများကို တွေ့ဆုံနေစဉ်။

အီကွေဒေါသမ္မတကို ထောက်ခံသူများက El Universo သတင်းစာများကို အမျိုးသားတရားရုံးချုပ်ရှေ့၌ ၂၀၁၂ ဖေဖော်ဝါရီ ၁၆ ရက်နေ့က မီးရှို့နေကြစဉ်။ အီကွေဒေါသမ္မတက ၎င်းသတင်းစာအပေါ် အသရေဖျက်မှုအတွက် တရားစွဲဆိုထားမှုအပေါ် တရားရုံးချုပ်က ပလပ်ခဲ့ပြီးနောက် သမ္မတအား ထောက်ခံသူများက ဤသို့ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဘာရိန်းနိုင်ငံ အဓိကရုဏ်းထိန်းသိမ်းရေး ရဲတပ်ဖွဲ့များက အဓိကအတိုက်အခံအုပ်စု၏ ရုံးချုပ်ပြင်ပ၌ ဓာတ်ပုံသတင်းထောက်တစ်ဦးအား လက်နက်ဖြင့် ချိန်ရွယ်နေသည်ကို ၂၀၁၁ ဒီဇင်ဘာလ ၂၃ ရက်နေ့က တွေ့ရစဉ်။

ကိုယ့်အကြောင်း သတင်းစာထဲပါလာသည်ကို လူတိုင်းကြိုက်ကြသည်တော့ မဟုတ်ပါ

စူးစမ်းလေ့လာတတ်သော မည်သည့်သတင်းသမားမဆို မိမိဖော်ထုတ် ရေးသားလိုက်သော သတင်းကြောင့် အန္တရာယ်ကြုံတွေ့နိုင်ပေသည်။ အဂတိလိုက်စားမှုနှင့် ဆေးမျိုးကောင်းစားရေး ဝါဒ၊ ဂိုဏ်းဖွဲ့ရာဇဝတ်ကျူးလွန်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ ကလေး သူငယ်ဆိုင်ရာ အပြာစာအုပ်၊ ရုပ်ရှင်များ၊ အစွန်းရောက်ဝါဒနှင့် အကြမ်းဖက်ဝါဒ၊ အစိုးရဘက်မှလည်းကောင်း၊ အတိုက်အခံဘက်မှ လည်းကောင်း အလွဲသုံးစားလုပ်မှုများ ဤအကြောင်းအရာများကို ဖော်ထုတ်ရေးသားပါက အန္တရာယ်ရှိနိုင်ပေသည်။ သတင်း သမားသည် ဖြစ်ရပ်မှန်များကို ဖော်ထုတ်သိရှိပြီး အပြစ်ရှိသူကို တရားဥပဒေရှေ့မှောက် အရောက်ပို့ပေးလိုက်ပါက ဤသတင်း သမားသည် ဖော်ထုတ်ခံရသူတို့လက်ဝယ် နှောင့်ယှက်ခြင်း၊ ဒုက္ခပေးခြင်း၊ အကြမ်းဖက်ခြင်းနှင့် သတ်ဖြတ်ခြင်းတို့ပင် ရင်ဆိုင်ရဖွယ် ရှိလေသည်။ ကမ္ဘာတစ်လွှား အမှောင်ထဲမှ အလင်းရောင်ထွန်းတောက်သလို ကျွန်ုပ်တို့ထံ အမှန်တရားကို ဖော်ထုတ်သယ်ဆောင် ပေးသဖြင့် အသက်ကိုပင် စတေးသွားကြရသော သတင်းသမား နှစ်စဉ်များစွာရှိလေသည်။ ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အခါသမယတွင် သူတို့တစ်တွေကို သတိတရရှိကြပါစို့။

World Press Freedom Day

World Association of Newspaper

www.worldpressfreedomday.org